# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၆၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။**]**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၁၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၂) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၃) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၄) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၅) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၆) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၇ ရက်၊

(၉) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၁ ရက်၊

(၁၀) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၁) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်၊

(၁၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၁၃) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၁၅) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၁၉) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၂၀) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၂၁) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၂၂) ဒေါ်ပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၂၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၂၄) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၂၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၂၆) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၂၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၂၈) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၉) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၀) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၁ ရက်၊

**မှူးကြမ်း**

(၃၁) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူခွင့် ၇ ရက်နှင့်

(၃၂) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**တည်ဆဲပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေအား စိစစ်၊ ပြင်ဆင်၊ အဆိုပြုရေးကိစ္စကို အမြန်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ချက်တိုးတက်မှုအခြေအနေကို ပြန်ကြားပေးပါရန်နှင့် မည်သည့်အခက်အခဲရှိနေသည်ကို အသိပေးပြန်ကြားပေးပါရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမြင့်ဦး(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးဖြစ်ပါတယ်။ ဒီနေ့ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပိုင်နက်ပင်လယ်နဲ့ပင်လယ်ဇုန်များဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရေးဆိုင်ရာမေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံလို ရှည်လျားတဲ့ကမ်းရိုးတန်းနယ်နိမိတ်ရှိတဲ့နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့ ပိုင်နက်ပင်လယ်နဲ့ ပင်လယ်ဇုန်များဥပဒေကို ၁၉၇၇ ခုနှစ်က ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃)အဖြစ် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေဟာနိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ဖော်ညွှန်းတဲ့၊ အချုပ်အခြာအာဏာသက်ရောက်မှုကို ဖော်ပြထားတဲ့ အရေးကြီးတဲ့ဥပဒေဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့ဥပဒေကို လွန်ခဲ့တဲ့နှစ်အတန်ကြာက ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် ဒီဥပဒေနဲ့ဆက်စပ်တဲ့ ဖြစ်ပေါ်တိုးတက်မှု၊ အငြင်းပွားမှုများဟာ မြန်မာနိုင်ငံမှာလည်း ပေါ်ပေါက်ခဲ့ပြီး အခြားကမ္ဘာ့နိုင်ငံအချို့မှာလည်း ဒီလိုဥပဒေမျိုးနဲ့ပတ်သက်ပြီးတော့ ပေါ်ပေါက်ဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ဆက်စပ်တဲ့အငြင်းပွားမှုကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် ပြည်သူ့လွှတ်တော်ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်မှာလည်း ရှေ့နေချုပ်ကို လာရောက်ရှင်းလင်းတင်ပြစေခဲ့ပါတယ်။

ကျွန်တော်တို့လွှတ်တော်များဟာ တည်ဆဲဥပဒေများထဲက ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန်ဥပဒေများကို စိစစ်ဆောင်ရွက်ခဲ့တဲ့နေရာမှာ ဒီဥပဒေဟာ ပြင်ဆင်ပြဋ္ဌာန်းသင့်တဲ့ ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒီလိုအရေးကြီးတဲ့ဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့လည်း ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကပင် ဒီဥပဒေနဲ့

ဆက်စပ်နေတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့ကို ဖိတ်ကြားပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ အချိန်အခါနှင့်အညီ ဥပဒေကိုစိစစ်ပြင်ဆင်သင့်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးပြင်ဆင်မှုများ ပြီးလောက်ပြီထင်တဲ့အချိန်မှာ သက်ဆိုင်ရာဌာနများကို မေးမြန်းကြည့်တဲ့အခါ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ တခြားဆက်စပ်ကိစ္စများကို စောင့်ကြည့်နေကြောင်း၊ သက်ဆိုင်ရာရှေ့နေချုပ်ရုံးသို့ ပေးပို့ထားကြောင်း၊ မှတ်ချက်တောင်းထားကြောင်း စသဖြင့်ပြန်ကြားချက်များရရှိခဲ့ပါတယ်။ အခု အခြေအနေနဲ့အချိန်အခါအရ နိုင်ငံတော်ရဲ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို အလေးထားစိစစ်ပြင်ဆင်ပြဋ္ဌာန်းရန်လိုအပ်နေပါသဖြင့် ဒီဥပဒေကို စိစစ်၊ ပြင်ဆင်၊ အတည်ပြုရေးကိစ္စကို အမြန်ဆောင်ရွက်နိုင်ရန်အတွက်ဆောင်ရွက်ချက် တိုးတက်မှုအခြေအနေကို ပြန်ကြားပေးပါရန်နှင့် မည်သည့်အခက်အခဲရှိနေသည်ကို အသိပေးပြန်ကြားပေးပါရန် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ဦးလွင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးတင်ဦးလွင်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား နေပြည်တော်၊ ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌဦးလှမြင့်ဦးမှမေးမြန်းလာသည့် တည်ဆဲပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေနှင့်ပတ်သက်၍ဖြေကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောဥပဒေများကို တင်ပြသွားပါမယ်။ ကျွန်တော် ယခင်အကြိမ်က တင်ပြခဲ့သည့်အတိုင်း လက်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေသည့် ဥပဒေပေါင်း(၄)ခုရှိပါတယ်။ အဆိုပါဥပဒေများမှာ ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးနှင့် ကင်းလွတ်ခွင့်အက်ဥပဒေ)၊ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာနှင့်အခကြေးငွေများ)အက်ဥပဒေ၊ ၁၉၅၅ ခုနှစ်၊

ဂျပန်စစ်ပြေငြိမ်းရေးစာချုပ်အက်ဥပဒေ၊ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေတို့ ဖြစ်ကြပါတယ် ခင်ဗျာ။ ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးနှင့်ကင်းလွတ်ခွင့်အက်ဥပဒေ)နှင့် သံအရာရှိများနှင့်ကောင်စစ်အရာရှိများ(ကျမ်းသစ္စာနှင့်အခကြေးငွေများ)အက်ဥပဒေတို့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြင်ဆင်ရေးဆွဲခဲ့ပြီး ၁၀-၂-၂၀၁၅ ရက်နေ့တွင် အဆိုပါဥပဒေနှစ်ရပ်အား နိုင်ငံတော်သမ္မတမှ အတည်ပြုလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ၁၉၅၅ ခုနှစ်၊ ဂျပန်စစ်ပြေငြိမ်းရေးစာချုပ်အက်ဥပဒေသည် ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ဖျက်သိမ်းရန်မလိုအပ်သည့် တည်ဆဲအတိုင်းသာထားရှိရမည့် ဥပဒေတစ်ရပ်ဖြစ်၍ ဆက်လက်ထိန်းသိမ်းထားရှိပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါဥပဒေအား အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိနေပါတယ်။ တည်ဆဲပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေအား ၁၉၇၇ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်တို့ကို အဆိုပါဥပဒေဖြင့် သတ်မှတ်ခဲ့ပါတယ်။ သို့ရာတွင် ပင်လယ်ပြင်များဆိုင်ရာနိုင်ငံတကာဥပဒေဟု ခေါ်ဆိုနိုင်သည့် ကုလသမဂ္ဂပင်လယ်ဥပဒေ ကွန်ဗင်းရှင်းအား ၁၉၈၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အပြင် ၂၁-၆-၁၉၉၆ ရက်နေ့တွင် မြန်မာနိုင်ငံသည် အဆိုပါကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။ ထို့ကြောင့် မိမိတို့ယခင်ကပြဋ္ဌာန်းခဲ့သော ၁၉၇၇ ခုနှစ်ဥပဒေအား ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းနှင့်အညီ ပြည့်စုံစွာဖြည့်စွက်ပြဋ္ဌာန်းရန်လည်းကောင်း၊ ပင်လယ်ဇုန်များတွင် မြန်မာနိုင်ငံမှကျင့်သုံးမည့် စီရင်ပိုင်ခွင့်၊ အခွင့်အရေး၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ဥပဒေဖြင့် ထိရောက်စွာကာကွယ်ရန်လည်းကောင်း ဥပဒေအား ပြင်ဆင်ရေးဆွဲရန် လိုအပ်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့ပါတယ်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်နယ်နိမိတ်တို့ကို သတ်မှတ်နိုင်ရေးအတွက် ၁၉၇၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဝန်ကြီးအဆင့်(၂)ကြိမ်၊ ကျွမ်းကျင်သူအဆင့် (၆)ကြိမ် အစည်းအဝေးများကို ကျင်းပဆွေးနွေးခဲ့ကြသော်လည်း တူညီသောအခြေခံ(Common ground)ကို မတည်ဆောက်နိုင်ခဲ့သဖြင့် တိုးတက်မှုတစ်စုံတစ်ရာမျှ ရရှိခဲ့ခြင်းမရှိခဲ့ပါ။ ၁၉၈၆ ခုနှစ်မှစတင်၍ ၂၀၀၇ ခုနှစ်အထိ ဆွေးနွေးပွဲများကို ၂၁ နှစ်ကြာ ရပ်ဆိုင်းခဲ့ရပါတယ်။ ထိုသို့ရပ်ဆိုင်းနေစဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အားလျော်စွာ International

Tribunal for the Law of the Sea(ITLOS) သို့ တင်သွင်းရန်ဆုံးဖြတ်ခဲ့ကြ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၉-၁၀-၂၀၀၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၀၉)ဖြင့် အထူးလုပ်ငန်းဦးစီးအဖွဲ့(Special Task Force)ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးဖွဲ့စည်းခဲ့ပြီး ဥပဒေကျွမ်းကျင်သူအဖွဲ့နှင့် နည်းပညာကျွမ်းကျင်သူအဖွဲ့တို့ကို ဖွဲ့စည်းပြီး တာဝန်ပေးလေ့လာစေခဲ့ပါတယ်။ အဆိုပါအထူးလုပ်ငန်းဦးစီးအဖွဲ့နှင့် ပေါင်းစည်းညှိနှိုင်းဆောင်ရွက်ရန်အတွက် နိုင်ငံတကာဥပဒေပညာရှင်များ၊ တိုင်းတာရေးပညာရှင်များကိုလည်း ငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် ITLOS ၌ တရားစီရင်ရာတွင် အမှုအမှတ်(၁၆)အဖြစ် တင်သွင်းပြီး အဆိုပါအမှု၏ အပြီးသတ်စီရင်ချက်အား ၁၄-၃-၂၀၁၂ ရက်နေ့တွင် ITLOS မှ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် တစ်စိတ်တစ်ပိုင်းပါဝင်ပတ်သက်နေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပင်လယ်နယ်နိမိတ်ပြဿနာကို ၇-၇-၂၀၁၄ ရက်နေ့တွင် Permanent Court of Arbitration (PCA)မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ITLOS ၏ စီရင်ချက်နှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ ကမ်းလွန်ရေတိမ်ပိုင်းရေမိုင် ၂၀၀ ထက် ကျော်လွန်သတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ နည်းပညာပိုင်းအရရော၊ ဥပဒေကြောင်းအရပါ ပြီးပြည့်စုံအောင် ပြန်လည်ပြင်ဆင်ရမည်ဖြစ်သောကြောင့်လည်းကောင်း၊ မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေသစ် မူကြမ်းရေးဆွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ပြီး ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါတယ်ခင်ဗျာ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအကြံပြုချက်များ ပြန်လည်ပေးပို့လာခဲ့ရာ အဆိုပါဥပဒေအကြံပြုချက်အရ ဥပဒေ(မူကြမ်း)တွင်ဖော်ပြထားသည့် ပြစ်ဒဏ်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ရန် အကြံပြုလာပါသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သော အဖွဲ့အစည်းဝင်များဖြင့် ထပ်မံ၍ညှိနှိုင်းအစည်းအဝေးများ ခေါ်ယူဆွေးနွေးခဲ့ပါတယ်ခင်ဗျာ။ အစည်းအဝေးရလဒ်အပေါ်မူတည်၍ အဆိုပါဥပဒေ၏ပြစ်ဒဏ်ပိုင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲလျက် ရှိပါတယ်ခင်ဗျာ။ အဆိုပါဥပဒေ(မူကြမ်း)ပြစ်ဒဏ်ပိုင်းအား အပြီးသတ်ရေးသားပြီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စု

လွှတ်တော်သို့တင်ပြပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် အခန်း(၁)ပုဒ်မ ၂၁ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၆ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ) အရလည်းကောင်း၊ ပုဒ်မ ၃၅၆၊ ပုဒ်မ ၄၄၅ အရလည်းကောင်း သက်ဆိုင်ရာအစိုးရထံမှ ထုတ်ပေးသော ပုံစံ(၃)အရ ပြည်သူပိုင်သိမ်းထားသည့် တိုက်ခန်းများကို ပိုင်ရှင်လက်ဝယ်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက် အခန်း(၁) ပုဒ်မ ၂၁ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၆ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ)တို့အရလည်းကောင်း၊ ပုဒ်မ ၃၅၆၊ ပုဒ်မ ၄၄၅ အရလည်းကောင်း ပြည်သူပိုင်သိမ်းတိုက်ခန်းများအား ပိုင်ရှင်လက်ဝယ်သို့ သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပေးသော ပုံစံ(၃)အရ ပြန်လည်ပေးအပ်ရန်အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်လို့ ဖြစ်ပေါ်လာတာကတော့ ပြည်သူပိုင်အသိမ်းခံရတဲ့ ဦးနေဝင်း အမှတ်(၂၂၈)၊ အနော်ရထာလမ်း၊ လမ်းမတော်၊ ရန်ကုန် မြေညီထပ်ကိစ္စ၊ မလှိုင်မြို့ ဒေါ်ခင်နုပိုင်မြေကွက်ကိစ္စ၊ ဒေါ်နှင်းတင်၏ အမွေစားအမွေခံ၊ ဦးသံချောင်း အမှတ်(၅၈)၊ ပထမလမ်းနှင့် နေသူရိန်လမ်းထောင့် နှစ်ထပ်အိမ် ဖျာပုံမြို့၊ နောက်အလားတူ ပြည်သူများထံမှ ပြည်သူပိုင်သိမ်းထားသော မရရှိသေးသောကိစ္စရပ်များအတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်လို့ အတိုချုပ်တင်ပြရရင်တော့ ဒီယခင်အစိုးရလက်ထက်က ပြည်သူပိုင်သိမ်းတာတွေနဲ့ ပတ်သက်လို့ အမိန့်ကြော်ငြာစာတွေထုတ်ပြီးတော့ ပြန်လည်ပေးအပ်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ဒီအမိန့်ကြော်ငြာစာကို လိုက်နာမှုမရှိဘဲနဲ့ ဒီအမိန့်ကြော်ငြာစာအရ ပြန်လည်ပေးအပ်ရန်ဖြစ်သော်လည်းပဲ ဒီအမိန့်ကြော်ငြာစာနဲ့ဆန့်ကျင်ပြီးတော့ လက်ရှိမပေးဘဲထားတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ နဝတအစိုးရလက်ထက်က တာဝန်ယူစဉ်ကာလအတွင်း မှန်မှန်ကန်ကန် တရားမျှတစွာဆောင်ရွက်ရမည်ဖြစ်သဖြင့် ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိစစ်လေ့လာသုံးသပ်ချက်အပေါ်မူတည်၍ တည်ဆဲနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ညွှန်ကြားချက်များ

နှင့်အညီ နိုင်ငံသားပိုင်များအား နိုင်ငံသားဖြစ်သော သက်ဆိုင်ရာကာယကံရှင်များသို့ မှန်မှန်ကန်ကန် စနစ်တကျ လွှဲပြောင်းပေးအပ်ရန်နှင့် ဆောင်ရွက်မှုအခြေအနေ တင်ပြရန်ဆိုပြီးတော့ ကျွန်တော်မေးတဲ့ မေးခွန်းပါကိစ္စရပ်များနှင့် ပတ်သက်လို့လည်းပဲ ညွှန်ကြားခဲ့ပါတယ်။ နောက် ဒီညွှန်ကြားချက်အပေါ် မှာလည်းပဲ ဆက်လက်ပြီးတော့ သက်ဆိုင်ရာကာယကံရှင်များက ဆောင်ရွက်သော်လည်းပဲ မရရှိခဲ့ပါ ဘူး။ ဒါကြောင့် ကျွန်တော်တို့ ယခင်အစိုးရကချမှတ်ထားတဲ့ အမိန့်တွေကို မျက်ကွယ်ပြုပြီးတော့ ပြည်သူပိုင်သိမ်းတိုက်ခန်းများအား ဝန်ကြီးဌာနများအနေနဲ့ ပြန်လည်ပေးအပ်ခွင့်မရှိကြောင်း၊ ပုံစံ(၃) ပေးထားသောအခန်းဖြစ်၍ ပြည်သူပိုင်အသိမ်းခံအဆောက်အအုံအား စီမံခန့်ခွဲမှုကို နိုင်ငံပိုင်ပစ္စည်း များအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နဲ့ နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်ရမှသာ ဆောင်ရွက် နိုင်ပါကြောင်း သမဝါယမဝန်ကြီးဌာနကလည်း ပြန်ကြားလာခဲ့ပါတယ်။ တကယ်တော့ အဓိကက ဒါဟာ သမဝါယမဝန်ကြီးဌာနနဲ့လည်း မဆိုင်ပါဘူးခင်ဗျား။ ဒီနိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်နဲ့သာ သက်ဆိုင်ပါတယ်။ အခုလာဖြေမှာက သမဝါယမဝန်ကြီးဌာနက ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြချင်တာကတော့ ဒီကိစ္စနဲ့ပတ်သက်လို့ နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ကျွန်တော်တို့ ဒီမေးခွန်းအား ဖြေကြား ပေးပါရန် မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော် များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် သမဝါယမဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်ရေးအတွက် ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ် ရေးဥပဒေပြဋ္ဌာန်းပြီး ၁၉-၃-၁၉၆၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၃၉) ဖြင့် ရန်ကုန်နယ်နိမိတ်

အတွင်းမှာရှိတဲ့ စားကုန်၊ ဝတ်ကုန်နှင့် အထွေထွေသုံးကုန်များကို ရောင်းဝယ်ဖောက်ကားတဲ့ လက်ကားဆိုင်များ၊ ပွဲရုံများ၊ ဆိုင်ကြီးများ၊ ကုန်တိုက်များနှင့် ယင်းပစ္စည်းများကို သိုလှောင်တဲ့ဂိုဒေါင်များ၊ အထွေထွေစတိုးကြီးများကို ၁၉၆၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစ၍လည်းကောင်း၊ ၉-၄-၁၉၆၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၉) ဖြင့် တစ်ပြည်လုံးမှာရှိတဲ့ အဆိုပါလုပ်ငန်းများကို ၁၉၆၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍လည်းကောင်း ပြည်သူပိုင်ပြုလုပ်ပြီးဖြစ်ကြောင်းကြေညာ၍ ပြည်သူပိုင်သိမ်းဆည်းခဲ့ပါတယ်။ ပြည်သူပိုင်ပြုလုပ်ခဲ့သောအခန်း၊ အဆောက်အအုံများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဝန်ကြီးချုပ်ရုံးရဲ့ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ်(၂၇၇) အရ အစိုးရက ဆက်လက်အသုံးပြုမည့် အဆောက်အအုံများကို လျော်ကြေးပေးခြင်းနှင့် အစိုးရကအသုံးမပြုသော အဆောက်အအုံများအတွက် တရားဝင်ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးခြင်းကိစ္စရပ်များကို ထိုစဉ်က ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်အတွင်း ဌာနများမှ အသုံးမပြုသော အခန်း၊ အဆောက်အအုံများရဲ့ တရားဝင်ပိုင်ဆိုင်ခွင့်ကို ပိုင်ရှင်သို့လွှဲပြောင်းပေးအပ်ခြင်း ပုံစံ(၃)ဖြင့် ပြန်လည်လွှဲပြောင်းပေးခဲ့ရာမှာ တချို့မှာ လက်ရောက်ပြန်လည်ရရှိခဲ့ပြီး တချို့မှာ လက်ရောက်ပြန်လည်ရရှိခြင်းမရှိဘဲ ကျန်ရှိခြင်းများရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဥက္ကဋ္ဌအဖြစ်ပါဝင်သော နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ၉-၁-၁၉၉၅ ရက်နေ့မှာ စတင်ပြီးတော့ ဖွဲ့စည်းခဲ့ပြီး ပြည်သူပိုင်သိမ်းအခန်း၊ အဆောက်အအုံများနှင့် စပ်လျဉ်း၍ အဆိုပါကော်မရှင်က စီမံဆောင်ရွက်ခဲ့ပါတယ်။ သမဝါယမအသင်းများက အသုံးပြုလျက်ရှိတဲ့ ပြည်သူပိုင်သိမ်းအခန်းများကို ပြန်လည်လွှဲပြောင်းပေးရန် ပုံစံ(၃)ရရှိထားသူ မူလပိုင်ရှင်များက တင်ပြတောင်းခံလာမှုများနှင့် ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်တဲ့ညှိနှိုင်းအစည်းအဝေးကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့က သမဝါယမဝန်ကြီးဌာနမှာ ကျင်းပခဲ့ပါတယ်။ ယင်းအစည်းအဝေးမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အေဘယ်လ်က ၁၉၆၄ ခုနှစ်၌ ကုန်သွယ်ရေးဝန်ကြီးဌာနက တစ်ပြည်လုံးရှိလုပ်ငန်းအားလုံးကို မှတ်တမ်းမှတ်ရာများဖြင့် ပြည်သူပိုင်သိမ်းဆည်းခဲ့သော်လည်း သိမ်းဆည်းခဲ့တဲ့ ပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့လက်ဝယ်တွင် မှတ်တမ်းမှတ်ရာများမရှိခဲ့ကြောင်း၊ ၁၉၇၆ ခုနှစ် ပြည်သူပိုင်သိမ်းအဆောက်အအုံများနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်အနေဖြင့် တစ်နေ့တွင်

သိမ်းဆည်းထားတဲ့ အထောက်အထားသဘောမျိုးဖြင့် ပုံစံ(၃) ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဘောက်ချာသဘောမျိုးဖြစ်ကြောင်း၊ ၎င်းကိုအကြောင်းပြပြီး လူကြီးတွေကို အကြိမ်ကြိမ်လျှောက်ထားခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ထို့အပြင် ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉ ခုနှစ်များမှာ သမဝါယမဝန်ကြီးဌာနမှ စီမံသုံးစွဲလျက်ရှိသော ပြည်သူပိုင်သိမ်းအခန်း၊ အဆောက်အအုံများမှ ၇၄ ခုကို မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းခွင့်ပြုရန် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့တင်ပြခဲ့ရာ ကော်မရှင်ရဲ့ ၈-၇-၁၉၉၉ ရက်နေ့တွင် ပြုလုပ်သော (၂/၉၉) ကြိမ်မြောက်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက ပြည်သူပိုင်သိမ်းခဲ့သောဆိုင်ခန်းများကို တန်ဖိုးသတ်မှတ်ပြီး ရောင်းချခြင်းသာဖြစ်ကြောင်း၊ ပိုင်ရှင်များသို့ ပြန်ပေးနေခြင်းမဟုတ်ကြောင်း၊ မူလပိုင်ရှင်က ဝယ်ယူရန်အဆိုပြုသည့်ဈေးနှုန်းကို လိုက်၍ပေးနိုင်ပါက ဦးစားပေးရောင်းချခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယခုတင်ပြချက်ကို ခွင့်မပြုနိုင်ပါကြောင်းနှင့် ပြန်လည်ရုပ်သိမ်းရန်မိန့်ကြားခဲ့ပြီး ၎င်းအစည်းအဝေး၏ဆုံးဖြတ်ချက် အပိုဒ် ၄ တွင် ပြည်သူပိုင်သိမ်းထားသော စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေနေရာများကို မူလပိုင်ရှင်များက လွှဲပြောင်းပေးရန် တင်ပြလျှောက်ထားလာပါက ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးမည် မဟုတ်ကြောင်းမူအဖြစ် ချမှတ်လမ်းညွှန်ခဲ့ပါတယ်ဟု ဆုံးဖြတ်ခဲ့သဖြင့် အဆိုပါ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်များမှာ စာရင်းစစ်ချုပ်ဦးဆောင်သည့် နိုင်ငံတော်ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီက နိုင်ငံပိုင်ပစ္စည်းများ၊ နိုင်ငံတော်ပိုင်အဆောက်အအုံများအား ထုခွဲရောင်းချရာ၌ ပုံစံ(၃)ရှိသော ပြည်သူပိုင်သိမ်းအခန်းများနှင့် ပုံစံ(၃) မရှိသော အခန်းများလည်း ပါဝင်ခဲ့ရာ အဆိုပါအခန်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က လေလံတင်ရောင်းချရာမှာ ချမှတ်ထားသည့် မူဝါဒများအရ ပိုင်ရှင်အား ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာသည့် အစိုးရသစ်လက်ထက် ပြည်သူပိုင်သိမ်းအခန်း၊ အဆောက်အအုံများအား မူလပိုင်ရှင်များမှ ပြန်လည်တောင်းခံခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့ကို တင်ပြသည့်အခါ ပြည်သူပိုင်သိမ်းဆည်းခဲ့သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို မူလ သက်ဆိုင်သူများနှင့် ဆက်ခံသူများသို့ ပြန်လည်ပေးအပ်ရန်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတမှ ဥပဒေအရ လွှဲပြောင်းပေးရန်မရှိပါ။ သို့ရာတွင် ပြည်သူပိုင်သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံများနှင့် မြေယာကွက်များစီမံခန့်ခွဲမှုကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပေးရာမှာ မူလသက်ဆိုင်သူ သို့မဟုတ် ပိုင်ဆိုင်သူကိုယ်တိုင်အား

ဦးစားပေးဝယ်ယူခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးစေလျက်ရှိပါသည်ဟု မူဝါဒချမှတ်လမ်းညွှန်ထားတဲ့ အတွက် သိရှိလိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၁၃-၄-၂၀၁၃ ရက်စွဲ ပါစာအမှတ်၊ ၁၆၃/၄၄၅- ညွှန်ကြား/အဖရ ၂၀၁၃ ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ညွှန်ကြားထား ချက်အရ သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်သူပိုင်သိမ်းတိုက်ခန်းများ ပိုင်ရှင်လက်ဝယ်သို့ သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပေးသောပုံစံ(၃)အရ ပြန်လည်လွှဲပြောင်းပေးအပ်ရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးခွန်းမေးမြန်း ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခုနတုန်းကတော့ သမဝါယမ ဒုတိယဝန်ကြီးဖြေသွားတာထဲမှာ ဒါတွေဟာ ထုခွဲရောင်းချဖို့ဆိုပြီးတော့ နောက်ဆုံး ဆုံးဖြတ်တယ်လို့တော့ ပြောပါတယ်။ သို့သော်လည်း ပဲ ကျွန်တော်တို့သိခဲ့တာက ဒီတိုက်ခန်းတွေ၊ ဒီတိုက်ခန်းတွေက ထုခွဲရောင်းချဖို့ စာရင်းထဲမှာလည်း မပါပါဘူး။ နောက်တစ်ခုက ဒီဟာကို အခုနကပြောတဲ့ ပုံစံ(၃)ဟာ စာရွက်သာဖြစ်တယ်၊ ဘောက်ချာ သာဖြစ်တယ်လို့ ပြောပေမယ့်လို့ အတိအလင်းပဲ ယခင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က အခုနကပြောတဲ့ အစည်းအဝေးထိုင်စဉ်ကပင် ဒီတိုက်ခန်းတွေ၊ ဒီတိုက်ခန်းတွေကို ပြန်ပေး ပါလို့ အတိအကျညွှန်ကြားထားပြီးသားလည်းဖြစ်တဲ့အတွက်လည်း နောက်ဆက်လုပ်တဲ့နေရာတွေမှာ၊ လေလံတင်တဲ့နေရာတွေမှာ ဒီတိုက်ခန်းတွေမပါကြောင်းလည်း အကြမ်းဖျင်းသိရပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းလိုတာကတော့ ဒီလို ပထမအစိုးရလုပ်သွားတာကို ကျွန်တော်တို့ ဒီဘက်ကတက်တဲ့ အစိုးရသစ်ကသာ တာဝန်ယူရမယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။ သို့သော်လည်းပဲ အခုဟာက တာဝန်ယူမှုမရှိဘဲနဲ့ ယခုကဲ့သို့ပြန်မပေးဘဲ ရောင်းချလို့ရပါသလား။ ဒါဆိုရင် ဒီပုဒ်မ ၄၄၅ ကို ဖောက်ဖျက်ရာကျတဲ့ သဘောမျိုးဖြစ်သလို ကျွန်တော်တို့လူထုအတွက် ပြည်သူ့အတွက် အစိုးရက ပြည်သူ့မျက်နှာကို ကြည့်ရမှာ။ ပြည်သူ့ဆီက ရသမျှယူတဲ့သဘောမျိုးဖြစ်နေတဲ့အတွက် ဒီပြည်သူ့ ဆီက ရသမျှသိမ်းမယ်၊ ရသမျှယူမယ်။ ဒါဟာအစိုးရဖို့တော့ ဘာမှမဖြစ်လောက်ပါဘူး။ ပြည်သူများ အတွက်တော့ ဆင်မှာတော့ ကျင်ငယ်စွန့်တာပဲ။ ပုရွက်ဆိတ်မှာတော့ ပင်လယ်ဝေ ဆိုသလို လူထုမှာ တော်တော် ဒုက္ခရောက်ရတဲ့အနေအထားရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီမေးခွန်းကိုလည်း မေးမြန်းပြီးတော့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပုဒ်မ ၄၄၅ နဲ့ကိုက်ညီမှုရှိ/မရှိသိလိုပါကြောင်း နှင့် ကျွန်တော်တို့ ဒါကိုပြန်ပေးနိုင်ခြင်းရှိ/မရှိ ပုဒ်မ ၄၄၅ အရလည်းကောင်း၊ ကျွန်တော်အခုနတုန်းက

ကိုးကားခဲ့တဲ့ ပုဒ်မများအရလည်းကောင်း သိလိုပါကြောင်းနဲ့ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြေကြားနိုင်က သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၏ထပ်ဆင့်မေးမြန်းချက်ကို ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ရဲ့ဌာနအတွက် ပြုစုထားမှုစာရင်းအရ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာနအနေနဲ့ပဲ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်က ကျွန်တော်တို့က ဒါသိမ်းဆည်းခဲ့တဲ့ ပြည်သူပိုင်သိမ်းအခန်းများ ဖြစ်ပါတယ်။ ဒီပြည်သူပိုင်သိမ်းအခန်းများကို ခေတ်အဆက်ဆက်အစိုးရများကလည်း ဒီဟာကို ပြည်သူတွေအတွက် ဥပဒေနဲ့အညီ စဉ်းစားပြီးတော့ ဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။ ကျွန်တော် ပထမရှင်းလင်းတင်ပြခဲ့တဲ့အချက်များဟာလည်း ခေတ်အဆက်ဆက်အစိုးရဟာ ပြည်သူတွေအတွက်ကို စဉ်းစားပြီးတော့ ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒီချမှတ်ထားတဲ့မှတ်တမ်းမှတ်ရာများလည်း ကျွန်တော်တို့ဆီမှာရှိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အတွင်းရေးမှူး(၂)ရဲ့ ပြောကြားချက်များလည်း ကျွန်တော်တို့အထဲထဲမှာရှိပါတယ်။ အားလုံးဟာ ပြည်သူတွေအတွက်ကို စေတနာထားပြီးတော့ ဆောင်ရွက်ဖို့အတွက် ဆောင်ရွက်ခြင်းသာလျှင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့လည်း ဒီဆောင်ရွက်ချက်တွေအနေနဲ့ပတ်သက်ပြီးတော့ သမဝါယမဝန်ကြီးဌာနအနေနဲ့လည်း အားလုံးပေါင်းရရှိမှုဟာ စာရင်းဇယားပြုစုတဲ့အခါမှာ အခန်းပေါင်း ၃၃၂ ခန်း ရှိပါတယ်။ ဒီအခန်းတွေပေါ်မှာမူတည်ပြီးတော့ အချို့ကို နိုင်ငံပိုင်ပြုလုပ်ပေးတာရှိတယ်။ အချို့ကျတော့လည်း ဒီကော်မတီကိုအပ်လိုက်တာရှိတယ်။ အချို့ကျတော့လည်း ဌာနတွေက သုံးစွဲတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ခြင်းသည် ဥပဒေနဲ့ညီစွာ ဆောင်ရွက်ထားခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ချမှတ်ထားတဲ့ လမ်းညွှန်ချက်သည်လည်း ဥပဒေနဲ့အညီဆောင်ရွက်ခြင်း၊ ဥပဒေအရ လွှဲပြောင်းပေးရန်မရှိပါလို့ လမ်းညွှန်ထားတာဖြစ်တဲ့အတွက်ကြောင့် အချို့သောအချက်အလက်တွေဟာ တကယ်ဥပဒေနဲ့မကိုက်ညီလို့ မပေးခြင်းဖြစ်တယ်လို့ ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ တချို့ ဒီဟာကိုပေးပို့အတွက် ယခင်အစိုးရလက်ထက်တုန်းကလည်း ကြိုးစားခဲ့သလိုပဲ ကျွန်တော်တို့ အစိုးရလက်ထက်မှာလည်း အစကတည်းက ကြိုးစားဆောင်ရွက်နေတာ ယနေ့အထိ ဖြစ်တယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။အများပြည်သူအကျိုးအတွက် မေးတဲ့လူကလည်း မေးမြန်းပေးပါတယ်။ ဖြေတဲ့သူကလည်းဖြေပါတယ်။ အရင်နေ့တွေတုန်းကလည်းပဲ ကျွန်တော်တို့ကိုယ်စားလှယ်များ မြို့နယ်အသီးသီးက ကိုယ်စားလှယ်ကြီးများအားလုံးလည်း ဒီလိုပဲ မေးမြန်းပေးသွားခဲ့ကြတာဖြစ်ပါတယ်။ ဒီကနေ့ခေတ်ကတော့ ဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပြီးတော့ သွားနေတဲ့အချိန်အခါလည်းဖြစ်ပါတယ်။ ရှေးယခင်အချိန်အခါတုန်းကတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုတည်ဆောက်တဲ့အခါမှာ စီးပွားရေးစနစ်ချင်းမတူတဲ့အတွက် ဒါကျွန်တော်တို့ တိုင်းပြည်ရဲ့ တာဝန်ပေးချက်အရ အကုန်လုံးဝန်ထမ်းများတာဝန်ယူဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ ခုနကပြောတဲ့ စီးပွားရေးလုပ်ငန်းလုပ်တဲ့နေရာမှာ အဲဒီအချိန်အခါတုန်းကလည်းပဲ ပြည်သူပိုင်သိမ်းစဉ်ကာလကလည်း သိမ်းမယ့်သာသိမ်းတာပါ။ သူတို့တွေက တရားဝင်ပဲပေါ့နော် နိုင်ငံတော်ရဲ့ ခွင့်ပြုချက်အရ တရားဝင်ဆောင်ရွက်နေခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းများပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုကွာတာက မိသားစုလုပ်ငန်းလေးတွေ၊ တစ်နိုင်တစ်ပိုင်လုပ်တဲ့သူတွေ၊ တချို့ကျတော့လည်း နေရာကိုငှားရမ်းပြီးလုပ်တဲ့သူတွေကျတော့ ပြည်သူပိုင်သိမ်းလိုက်တယ်လို့ပြောတဲ့အခါမှာ သူတို့အနေနဲ့ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံထားရတဲ့ Investment မပါဘဲနဲ့၊ မရွှေ့မပြောင်းနိုင်တာ မပါဘဲနဲ့ ငှားရမ်းပြီးလုပ်တဲ့သူတွေကဖုတ်ဖက်ခါထပြီးပြန်သွားနိုင်ပေမယ့်လို့ ငှားရမ်းခဲ့ရတဲ့သူတွေကျတော့ မိမိတို့ရဲ့မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေမှာ အိမ်ခန်းတို့၊ ဆိုင်ခန်းတို့မှာ သောင်တင်ပြီးကျန်ရစ်ခဲ့ကြရပါတယ်။ အဲဒီတော့ တစ်ချိန်တစ်ခါတုန်းကတော့ စီးပွားရေးစနစ်အရ ဆောင်ရွက်ခဲ့တာတွေတော့ မှန်ပါတယ်။ ဒီကနေ့ခေတ်တော့လည်း ခုနကပြောတဲ့ ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ဖော်ဆောင်နေပြီဖြစ်တဲ့အတွက် ဒီဟာတွေကခုနကပြောသလို နိုင်ငံတော်ရဲ့စေတနာအရ ပြန်လည်စွန့်လွှတ်ပြီးတော့ပေးနေကြတာ လယ်ယာမြေတွေကအစ အကုန်လုံးသိသာပြီး ထင်ရှားနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနကမေးခွန်းရှင်ကတော့ပြောပါတယ်။ နိုင်ငံပိုင်သိမ်းဆည်းရေးဌာနနဲ့ပဲဆိုင်တယ်။ ပြည်သူပိုင်သိမ်းဆည်းရေးဌာနနဲ့ပဲဆိုင်တယ်။ ဝန်ကြီးဌာနနဲ့မဆိုင်ဘူးဆိုပေမယ့်လို့ ဝန်ကြီးဌာနကတာဝန်ပေးချက်အရသော်လည်းကောင်း၊ နောက်တစ်ခါ မိမိတို့နဲ့သက်ဆိုင်နေတဲ့ အခန်းတွေဖြစ်နေတဲ့အတွက်လည်း လာရောက်ဖြေကြားခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ အကယ်၍များ ဖြစ်နိုင်မယ်ဆိုရင်တော့ ခုနကပြောသလိုပဲ ပိုင်ဆိုင်မှုတွေလည်းမှန်ကန်နေတယ်။ နိုင်ငံတော်အနေနဲ့ ခုနကမေးထားတဲ့နေရာမှာ ခုနက ပုံတွေကြည့်လိုက်တော့လည်း အစိုးရအနေနဲ့လည်းအသုံးပြုနေတဲ့၊ ဆက်လက်အသုံးပြုနေတဲ့အနေအထားမရှိဘဲနဲ့ ဒီအတိုင်းကြီးပဲ အသုံးမပြုသေးတဲ့အနေအထားကြီးကို တွေ့နေရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

မိမိတို့လည်း အသုံးမပြုဘူးဆိုရင်တော့ အသုံးပြုမယ့်လူကိုပဲ ပြန်ပေးမယ်ဆိုရင်တော့လည်း နတ်လူသာခု ခေါ်ရမှာပါပဲ။ ဒီ ကျွန်တော်တို့ ကိုယ်စားလှယ်များအားလုံးက မိမိတို့ရဲ့ ပြည်သူများအတွက်ကို ဝိုင်းပြီးတော့ ကြိုးပမ်းဆောင်ရွက်ပေးနေတာမှာ သူရမှ၊ ကိုယ်ရမှမဟုတ်ပါဘူးခင်ဗျား။ မည်သူပဲရသွား ရသွား တစ်ယောက်လေးအောင်မြင်သွားတယ်ဆိုရင်လည်း ကျန်တဲ့သူတွေလည်းပဲ မုဒိတာတွေပွားများပြီးတော့ ကျေးဇူးတင်နေမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သမျှ ကြိုးစားပြီးစောင့်ရှောက်ပေးဖို့အတွက်ကို ကျွန်တော်ကပဲ ကိုယ်စားလှယ်များအားလုံးကိုယ်စား မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ်၊ နတ်မှော်ဆိပ်ကမ်းနှင့် မော်လမြိုင် ကလွိဆိပ်ကမ်းသို့ ပြေးဆွဲနေသော ရေကြောင်းပို့ဆောင်ရေး ဇက်ရေယာဉ်ပြေးဆွဲမှု ရပ်ဆိုင်းထားခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ် နတ်မှော်ဆိပ်ကမ်းနှင့် ကလွိဆိပ်ကမ်းသို့ ပြေးဆွဲနေသော ရေကြောင်းပို့ဆောင်ရေး ဇက်ရေယာဉ်နှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ် ဘီလူးကျွန်းသည် သံလွင်မြစ်ဝတွင် တည်ရှိပြီး မိုးတွင်းအခါ မိုးသက်လေပြင်းများ မကြာခဏကျရောက်သောဒေသဖြစ်ပြီး ရေကြောင်းတစ်ခုတည်းဖြင့်သာ မော်လမြိုင်နှင့်ဆက်သွယ်ရသောနေရာဖြစ်ပါတယ်။ ရေစုန်ရေဆန်ကိုလိုက်လိုက်၍ ခရီးစဉ်တစ်နာရီခွဲမှ နှစ်နာရီခန့် ကြာပါတယ်။ မော်လမြိုင်-ချောင်းဆုံ-ဘီလူးကျွန်းတံတားဆောက်လုပ်နေခြင်းမှာလည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှ ပြီးမည်ဟုလည်း သိရပါတယ်။ မော်လမြိုင်-ချောင်းဆုံမြို့၊ နတ်မှော်ဆိပ်ကမ်းသို့ ဇက်ရေယာဉ်များဖြင့် အသွားအပြန် တစ်နေ့ လေးခေါက်ဖြင့် ကလွိဆိပ်ကမ်းသို့ တစ်နေ့လျှင် အသွားအပြန် နှစ်ခေါက် ယခင်က ပြေးဆွဲနေခဲ့ပါတယ်။ သို့သော်လည်း မေလဆန်းမှစ၍ ဇက်ရေယာဉ် ပြေးဆွဲမှု ရပ်ဆိုင်းခဲ့ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ မေလဆန်း ဇက်ရေယာဉ်ပြေးဆွဲမှု ရပ်ဆိုင်းပြီးနောက် ၂၈-၅-၂၀၁၅ ရက်နေ့တွင် ယခုမေးခွန်းကို မေးခဲ့ပါတယ်။ ယခုအခါ ၁-၆-၂၀၁၅ ရက်နေ့မှ စတင်၍ ရေဘဝဲ(၁) ဇက်ရေယာဉ်ကို မော်လမြိုင်မှ အသွားနှစ်ခေါက်နှင့် နတ်မှော်မှ အပြန်နှစ်ခေါက် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်းလည်း သိရပါတယ်။ သို့သော်လည်း ပြေးဆွဲသည့်

အခေါက်ရေ နည်းမှုကြောင့် ခရီးသည်များနှင့် ကုန်စည်များ အထူးများပြားကြပ်တည်းမှုရှိနေပါတယ်။ မော်လမြိုင်မှ ကလွီဆိပ်သို့ ဇက်ရေယာဉ်ပြေးဆွဲမှုမရှိသေးပါ။ ဇက်ရေယာဉ် ရပ်နားစဉ်ကာလအတွင်း လည်းကောင်း၊ ဇက်ရေယာဉ်ပြေးဆွဲချိန်မဟုတ်သည့် ကြားကာလတွင် စက်တပ်ရေယာဉ်များဖြင့်သာ သွားလာနေရပါတယ်။ စက်တပ်ရေယာဉ်ငယ်များသည် ဆိပ်ခံတံတားများ၌သာ အဆင်းအတက်ပြုလုပ် လေ့ရှိပါတယ်။ ဇက်ရေယာဉ်ဆိုက်ကပ်သကဲ့သို့ ဘောတံတားမဟုတ်သဖြင့် ရေအတက်အကျကိုလိုက် ၍ ဆိုက်ကပ်ရတဲ့အခါမှာ သက်ကြီးရွယ်အိုများနှင့် လူနာများအတွက် များစွာအခက်အခဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁) မော်လမြိုင်မှ နတ်မှော်နှင့် ကလွီ ဆိပ်ကမ်းသို့ ရေယာဉ်ပြေးဆွဲမှုရပ်ဆိုင်းခဲ့ရသည့်အကြောင်း။ (၂) မည်သည့်ကာလမှာ ပုံမှန်အခေါက် ရေအတိုင်း ပြေးဆွဲမည်နည်း။ (၃) မော်လမြိုင်မှ ကလွီသို့ မည်သည့်အချိန်တွင် ပြေးဆွဲပေးမည်နည်း။ (၄) ပြေးဆွဲမည့်ခရီးစဉ်ကို အများပြည်သူထင်သာမြင်သာသိရှိရန် မည်သို့ဆောင်ရွက်ပေးမည်နည်း။ အဆိုပါအချက်များကို ဖြေကြားပေးပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးကိုယ်စား ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်မှ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်၏ မေးခွန်း နှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သံလွင်ဌာနခွဲ သယ်ယူပို့ဆောင်ရေးဌာနမှာရှိတဲ့ ဇက်ရေယာဉ်များနှင့် မော်လမြိုင်-နတ်မှော်(ပုံမှန်)၊ မော်လမြိုင်- နတ်မှော်(အထူး)၊ မော်လမြိုင်-ကလွီနှင့် ချောင်းနှစ်ခွ ကူးတို့ခရီးလမ်းများကို ပြေးဆွဲပေးလျက်ရှိပါ တယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးဌာန၊ သံလွင်ဌာနခွဲမှာရှိတဲ့ မော်လမြိုင်-နတ်မှော် ခရီးလမ်းမှာပြေးဆွဲဖို့အတွက် ရေဘဝဲ(၁) ရေယာဉ်ကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးညွှန်ကြားချက်များအရ မေလ ၁ ရက်နေ့ကနေစပြီးတော့ သံလွင်

သင်္ဘောကျင်းမှာ ယာယီအမိုးများတပ်ဆင်ခြင်း၊ စက်မကြီး General Overhall (GOH) ပြုပြင်ခြင်း၊ ရှော့တယ်စစ်ဆေးခြင်းများ ပြုပြင်ဆောင်ရွက်ခဲ့ပြီးတော့ ၂၅-၅-၂၀၁၅ ရက်နေ့မှာ Survey စစ်ဆေးခြင်းခံယူပြီး လူစီးရေယာဉ်အဖြစ်ပြေးဆွဲရန် ခွင့်ပြုချက်ရရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ အခုနက ဒေါ်ခင်ဌေးကြွယ် ပြောကြားသွားသလိုပဲ ယခုနှစ် ဇွန်လ ၁ ရက်နေ့ကစပြီးတော့ မော်လမြိုင်-နတ်မှော်ခရီးလမ်းမှာ ပြေးဆွဲနေပြီဖြစ်ပါတယ်။

မော်လမြိုင်-ကလွိလမ်းမှာ ပြေးဆွဲလျက်ရှိတဲ့ ရေဘဝဲ(၃) ရေယာဉ်ဟာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ လိုင်စင်သက်တမ်းကုန်လွန်တဲ့အတွက်ကြောင့်မို့လို့ သံလွင်သင်္ဘောကျင်းမှာ လွန်းတင်ပြုပြင်လျက်ရှိပြီးတော့ ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်မှာ သင်္ဘောကျင်းကနေ လွန်းချဖို့လျာထားပြီးတော့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ စစ်ဆေးမှုကိုခံယူပြီးတော့ မော်လမြိုင်-ကလွိခရီးလမ်းမှာ ပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်ထားကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားတဲ့ အတ္တရံမြစ်ကူးချောင်းနှစ်ခွ (ယာဉ်)ကူးတို့လမ်းမှာ ပြေးဆွဲလျက်ရှိတဲ့ ဇက်(၁၀၁) ရေယာဉ်ဟာ ရေယာဉ်ကိုယ်ထည်ရဲ့ ရှေ့ပိုင်းသုံးပုံတစ်ပုံခန့် သံပြားတွေ ဆွေးမြေ့နေမှု ကိုပြုပြင်ရန်အတွက်နဲ့ တခြားလိုအပ်ချက်တွေပြုပြင်ဖို့အတွက် မေလ ၃ ရက်နေ့ကနေ စတင်ပြီးတော့ သံလွင်သင်္ဘောကျင်းမှာ လွန်းတင်ပြုပြင်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်ခန့်မှာ ပြီးစီးနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၊ ကြားအင်းဆိပ်ကြီးက ပြည်သူတွေ သွားလာမှုလွယ်ကူစေရေး၊ ကုန်စည်ပို့ဆောင်ရေးအဆင်ပြေချောမွေ့စေရေးနှင့် ဒေသတွင်းကုန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရဲ့ သယ်ယူပို့ဆောင်ရေးဌာနကမဟုတ်ဘဲနဲ့ ကုန်စည်ဌာနမှာရှိတဲ့ ဇက်(၁၁၄) ရေယာဉ်ကိုခေါ်ယူပြီးတော့ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ မှာစတင်ပြီးတော့ အဲဒီဘက်မှာလည်း ပြေးဆွဲနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဇက်(၁၀၁) ရေယာဉ်ကို ပြင်ဆင်ပြီးမယ်ဆိုလို့ရှိရင်လည်း မော်လမြိုင်နှင့် ချောင်းဆုံ၊ နတ်မှော်ခရီးလမ်းနှင့် ကလွိလမ်းတွေမှာ အင်အားဖြည့်ပြီးတော့ ဆက်လက်ပြီးတော့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ အခုနက ဒေါ်ခင်ဌေးကြွယ် မေးမြန်းထားတဲ့ ဒီခရီးလမ်းမှာ သင်္ဘောတွေ ပြေးဆွဲမှာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖြေကြားချက်ဖြစ်ပြီးတော့ ဒါနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးကြီးကြပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးများမှာလည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ် ပို့ဆောင်ရေးဝန်ကြီးတွေနဲ့ ဒါတွေကို ပြောကြားပြီးတော့ သက်ဆိုင်ရာ သံလွင်ဌာနခွဲမှာရှိတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနကလည်း အများပြည်သူတွေ

သိရှိအောင် ဆောင်ရွက်ပေးဖို့ဆိုပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ၁၀-၆-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၆-၅-၂၀၁၅ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၉-၆-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

**မူကြမ်း**

၂။ ဤဥပဒေကြမ်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ မူဝါဒများနှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုဝတ္ထုပစ္စည်းများကို ကာကွယ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ တန်ဖိုးကြီးမားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဂ) ပြောင်းလဲလာသောခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် တို့ဖြစ်ပါတယ်။

၃။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန်းဆွေ အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်း အဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့် အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၉) ခန်းနှင့် ပုဒ်မပေါင်း (၂၈) ခုပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၅၀) ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

(ဂ) အခန်း(၃)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဏ)ရှိ လုပ်ငန်းသုံးပစ္စည်းများအပါအဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူမှုအသုံးအဆောင်ပစ္စည်းများ ဆိုသည့် စကားရပ်ကို လုပ်ငန်းသုံးပစ္စည်းများအပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ ဟုပြင်ဆင်ပါသည်။

မူကြမ်း

(ဃ) အခန်း(၄)၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)အား ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုထိခိုက်ခြင်း၊ ဆွေးမြေ့ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းလျှင် ပျက်စီးနိုင်မည့် အန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သောကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည် ဟုပြင်ဆင်ပါသည်။

( င) အခန်း(၅)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)အား ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှုထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနကဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည် ဟုပြင်ဆင်ပါသည်။

( စ) အခန်း(၆)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဆိုသည့်စကားရပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဟုပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)ကို ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကိုရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်းစစ်မှန်ခြင်းရှိ/မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလိုထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဟုပြင်ဆင်ပါသည်။

( ဇ) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)တို့ကို အပိုဒ်ခွဲ(ခ)အဖြစ် ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည် ဟုပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

မူကြမ်း

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဟောင်းဝတ္ထု ပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၃-၆-၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၈)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၆၇)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**